ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး
စာအမှတ်
ရက်စွဲ

အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၄ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership – BO) အချက်အလက် ဖော်ဆောင်ရေး လုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ

၁။ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative – EITI) ဆိုင်ရာ လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership – BO) အချက်အလက် ဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အတွက် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး / ပြည်နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီ များနှင့် စီးပွားရေးအဖွဲ့အစည်းများသည် ဦးဆောင်တာဝန်ယူမည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန် လိုက်သည်။

၂။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဆိုင်ရာ အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) ဖြစ်လာခဲ့ပြီး စံချိန်မီတင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) အဆင့်သို့ ရောက်ရှိနိုင်ရေး အတွက် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုအချက်အလက်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် EITI စံနှုန်းသတ်မှတ်ချက် များနှင့်အညီ ထုတ်ဖော်တင်ပြရမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဦးဆောင်ကော်မတီ (Leading Committee)၊ လုပ်ငန်းကော်မတီ (Working Committee) နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group) များဖွဲ့စည်းပြီး တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်း အစီရင်ခံစာများ ထုတ်ပြန်ခြင်းနှင့်အတူ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းအစီအစဉ် (Beneficial Ownership Work Plan) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ သယံဇာတတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အစီရင်ခံစာများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များ အချိန်မီထည့်သွင်းဖော်ပြနိုင်စေရေးအတွက် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဦးဆောင်တာဝန်ယူမည့်အဖွဲ့အစည်း (Beneficial Ownership Task Force Focal Agency) အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ကို တာဝန်ပေးအပ်ခဲ့ပါသည်။

၅။ ထိုသို့ထုတ်ဖော်တင်ပြရာတွင် နိုင်ငံတွင်းရှိ တွင်းထွက်သယံဇာတ (ရေနံ၊ သဘာဝဓါတ်ငွေ့၊ သစ်တော၊ ဓါတ်သတ္တု၊ ကျောက်စိမ်းကျောက်မျက်နှင့်ပုလဲ) ရှာဖွေတူးဖော်ထုတ်လုပ်ရောင်းချခြင်း အဆင့်တို့တွင် လိုင်စင်ဖြင့်လည်းကောင်း၊ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ စာချုပ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ တွင်းထွက်သယံဇာတဆိုင်ရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ ၎င်းလိုင်စင်၊ ခွင့်ပြုမိန့်၊ စာချုပ်များကိုလျှောက်ထားဆဲ သို့မဟုတ် လျှောက်ထားပြီး ရှာဖွေတူးဖော်ထုတ်လုပ်ရောင်းချရေးဆိုင်ရာလုပ်ငန်းများအားလုံး၏ " အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ " (Beneficial Owner) များနှင့် " နိုင်ငံရေးအရသြဇာတိက္ကမရှိသူ " (Politically Exposed Person) များဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်တင်ပြရမည်ဖြစ်ပါသည်။

၆။ " အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ " နှင့် " နိုင်ငံရေးအရသြဇာတိက္ကမရှိသူ " တို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့တို့က EITI စံနှုန်းနှင့်အညီ သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၇။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် အချက်အလက်ကောက်ယူမည့် စီးပွားရေးလုပ်ငန်း ရွေးချယ်သတ်မှတ်ခြင်း၊ အချက်အလက်ကောက်ယူခြင်း၊ မှတ်တမ်းပြုစုထိန်းသိမ်းခြင်း၊ အချက်အလက်များစိစစ်ခြင်း၊ အချက်အလက်များထုတ်ပြန်ကြေညာခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ကြရမည်။

၈။ ကောက်ယူရရှိသည့် အချက်အလက်များ စိစစ်အတည်ပြုရာတွင် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ကြရမည်။ စိစစ်အတည်ပြုပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်များကို အများပြည်သူသို့ EITI စံနှုန်းလိုအပ်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ကြေညာသွားရမည်။

၉။ သို့ဖြစ်ပါ၍ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းစဉ်အောင်မြင်စေရန် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများနှင့်ဆက်စပ်လုပ်ကိုင်နေသော ပြည်ထောင်စုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့် **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့်စီးပွားရေးအဖွဲ့အစည်းများသည်** ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ ၁၅၈ ( ၁ ) / ၈ / သမ္မတရုံး

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး ( ရုံး / ဌာနကြီးများအားလုံး )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်, ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

၂၊၁၀၊၁၉

ခင်လတ်

အမြဲတမ်းအတွင်းဝန်

နိုင်ငံတော်သမ္မတရုံး